**သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)**
**(၇၆)နှစ်မြောက် သျှမ်းပြည်အမျိုးသားနေ့**
**ထုတ်ပြန်ကြေညာချက်**

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၇)ရက်

၁။ သျှမ်းပြည်ကောင်စီကို ဖွဲ့စည်းနိုင်ခြင်း၊ သျှမ်းပြည်အမျိုးသားသီချင်း သတ်မှတ်နိုင်ခြင်း၊ သျှမ်းပြည်အမျိုးသားအလံတော်ကို အတည်ပြုနိုင်ခြင်း စသည့် ဂုဏ်အင်္ဂါရပ်တို့နှင့် ပြည့်စုံသော သမိုင်းဝင် သျှမ်းပြည်အမျိုးသားနေ့၊ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၇)ရက်နေ့မှတဆင့် တက်လှမ်း၍ ပင်လုံမြို့တွင် ဖေဖော်ဝါရီလ (၁၂)ရက်နေ့၌ ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ပင်လုံစာချုပ် ချုပ်ဆိုနိုင်ခြင်းကြောင့်သာလျှင် ပြည်ထောင်စုအား စုပေါင်းတည်ဆောက်နိုင်ခဲ့ခြင်းကို သျှမ်းပြည် ပြည်သူလူထု တစ်ရပ်လုံး အနေဖြင့် အမြဲထာဝရ သတိရပြီး ပင်လုံစာချုပ်သည် ပြည်ထောင်စုဖွား တိုင်းရင်းသားများ အားလုံးနှင့်လည်း ဆက်စပ်သက်ဆိုင်သည်ကို နှလုံးသွင်းထားရမည် ဖြစ်ပါသည်။

၂။ ပင်လုံစာချုပ်သည် အနာဂတ် တိုင်းပြည်တည်ဆောက်ရာတွင် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု စနစ်ဖြင့် တည်ဆောက်ပြီး တိုင်းရင်းသားများအားလုံး အေးအတူပူအမျှ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ခြင်းကို ဖော်ညွှန်းပါသည်။

၃။ ထို့ကြောင့် သျှမ်းပြည်တိုင်းရင်းသားများနှင့် ပြည်ထောင်စုတဝန်းရှိ တိုင်းရင်းသားများ အားလုံး အနေဖြင့် သျှမ်းပြည်အမျိုးသားနေ့ အနှစ်သာရနှင့် ပင်လုံကတိကဝတ်၊ ပင်လုံစိတ်ဓာတ်၊ ပင်လုံစာချုပ်ပါ သဘောတူချက်များအတိုင်း စုပေါင်း အကောင်အထည်ဖော်၍ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကို တည်ဆောက်နိုင်မှသာ လက်ရှိတိုင်းပြည်အထွေထွေအကျပ်အတည်းကို ဖြေရှင်းနိုင်မည် ဖြစ်ပါကြောင်း ထုတ်ပြန် ကြေညာပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ

ဆက်သွယ်ရန်-
၁။ ဗိုလ်မှူး ခမ်းစံ- +၆၆ ၆၄၉ ၇၀၄ ၀၆၁
၂။ ဒုတိယ ဗိုလ်မှူးကြီး အုမ်ခေး - +၉၅ ၉၆၅ ၀၄၁ ၇၃၆၀